

ဘာသာပြန် စာရေးဆရာ - Ryuu
အနှိုင်းမဲ့သွေးမျိုးဆက်စနစ်
(ဂတ်စတပ်)
(Chapter 1 - 15)
တစဉ် – ၁

# အခန်း(၁)
## အရာအားလုံး၏ အစ

----------------------------------------------

ကျယ်ဝန်းသော ကွင်းပြင်ကြီးထဲတွင် လူတွေဆီမှ ချီးယားလုပ်သံများ ဆူညံစွာ ထွက်ပေါ်နေသည်။တချို့တွေက ချီးယားလုပ်နေချိန် အခြားလူများက ကြီးမားသည့်မျက်နှာပြင်ပေါ်တွင် ပြသထားသော စစ်မြေပြင်မှ လောလောလတ်လတ် ရောက်ရှိလာသူတစ်ဦး၏ နာမည်ကို သံပြိုင်ကြွေးကြော်နေကြသည်။

လေးထောင့်ပုံစံရှိ မျက်နှာပြင်များသည် ထောင့်တိုင်းတွင် အပျက်အစီးများ မွစာကြဲနေသော စစ်မြေပြင်ကို ပြသလျက်ရှိသည်။
လူငါးယောက်အုပ်စုသည် လူငယ်လေး၏ ချဉ်းကပ်လာမှုကြောင့် ကြောက်ရွံ့စွာ နောက်သို့
တဖြည်းဖြည်း ပြန်ဆုတ်နေသည်။ ထိုငါးယောက်အုပ်စုက အစိမ်းရောင်ကျည်ကာအင်္ကျီများ ဝတ်ထားသော်လည်း လူငယ်လေးကတော့ အနီရောင်ဖြစ်နေသည်။

သူ့အရပ်က ခြောက်ပေခန့် မြင့်မားပြီး ညစ်ပတ်နေသော ရွှေရောင်ဆံနွယ်

တိုများရှိသည်။ခန္ဓာကိုယ်က အရမ်းကြီးမတုတ်ခိုင်သလို ပိန်လည်းမပိန်ပါ။ ပြီးပြည့်စုံသော ခန္ဓာကိုယ်ဟုတောင် ပြော၍ရသည်။
နောက်ဆုတ်သွားသော လူတွေဆီ လမ်းလျှောက်သွားနေရင်း သူ့လက်များက ကြွက်သွေးရောင်သန်းလာသည်။ သူ့မျက်လုံးများက အေးစက်ပြီး အထီးကျန်ဆန်သည့် အသွင်ကို ဆောင်နေသည်။

"မင်းတို့ရဲ့ ခရီးတွေက ဒီမှာ တင်ပြီးပြီ"
ထိုသို့ပြောပြီးနောက် သူ့ညာဘက်လက်ဝါးကို ဆန့်ထုတ်လိုက်သည်။
"ရေးးးးး.........."
"ခရမ်ဆန် ကွ!....ခရမ်ဆန်!.. ခရမ်ဆန်! ...ခရမ်ဆန်!"
လူငယ်လေး၏နာမည်ကို ကြွေးကြော်သံများက လူအုပ်၏ နှုတ်ဖျားများမှ ထွက်ပေါ်လာသည်။ လူငယ်လေးနှင့် လူငါးယောက်ကြားထဲမှ တိုက်ပွဲကြောင့် ဖြစ်မည်။

---

"ရက်စ်.. အဲ့တာငါလေ... ငါနာမည်က ဂတ်စတပ် ခရမ်ဆန်.... ဒီနေ့ဒီချိန်ထိ ငါဖြတ်သန်းလာခဲ့ရသမျှက နာကျင်မှုတွေ ဒုက္ခတွေ အန္တရယ်တွေ အပြည့်ပဲ စွန့်စားခန်းတွေလည်း ပါတာပေါ့..
ငါက အစပိုင်းမှာတော့ ဘာမှမဟုတ်တဲ့ အမှိုက်ကောင်ပဲ..
အခုလို လူတွေက ငါ့နာမည်ကိုကြွေးကြော် ငါ့ရန်သူတိုင်းက ကြောက်ရွံ့နောက်ဆုတ်သွားရလောက်တဲ့ထိ စွမ်းအားတွေ ဘယ်လိုကြီးလာခဲ့လဲ ဒါဆိုရင်တော့ ငါတို့ မှတ်ဉာဏ်တွေကို နည်းနည်းပြန်ဆွဲခေါ်မှ ရလိမ့်မယ်....
အရာအားလုံးကို စခဲ့တဲ့ နေရာကနေ စပြောလိုက်ရအောင်......"

***

လွန်ခဲ့သော သုံးနှစ်က-
သစ်ပင်ခပ်မြင့်မြင့်တွေ ရှိပြီး လေကလည်း တဖြူးဖြူး တိုက်ခတ် ၊ တည်ငြိမ်အေးချမ်းနေသော တောအုပ်လေးတစ်ခုတွင်ဖြစ်သည်။
တောင်အောက်ဖက် တွင်တော့ ညအမှောင်ထဲမှာတောင် တောက်ပနေသည့် ခေတ်မီမြို့တော်တစ်ခုရှိသည်။

သည်နေရာကကြည့်လျှင် အလွန်နှစ်သက်ကြည်နူးဖွယ်ကောင်းသော မြင်ကွင်းရှိသည်။
အလင်းရောင်တွေက ပိုးစုန်းကြူး လေးတွေ အပြွတ်လိုက် စုပြုံနေသလို။
ကောင်းကင်ထက်ကို ထိုးထွက်နေသော မြင့်မားတောက်ပသော မျှော်စင်တစ်ခုက မြို့လယ်ခေါင်တွင် တည်ရှိသည်။

ချောက်ကမ်းပါးထိပ်တွင် ကြက်သွေးရင့်ရောင် ကျောင်းယူနီဖောင်းကို ဝတ်ဆင်ထားသော ကောင်လေးတစ်ယောက်က အသက်မဲ့သောမျက်လုံးများဖြင့် ရပ်နေသည်။ သူ့ဆံပင်က အရောင်အမျိုးမျိုး ပြောင်းလဲနေသည်။ အနီမှ အပြာ၊ အပြာမှအစိမ်း၊ လက်ရှိအရောင်က ရွှေရောင် ဖြစ်သည်။
ရှေ့က မြို့ကို ကြည့်ရင်း သူ့မျက်လုံးမှာ မျက်ရည်စတွေနှင့်။
"ငါ့အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်မရဘူးဆိုရင် ဒီကမ္ဘာကြီးမှာ ငါဘာလို့ မွေးဖွားလာရတာလဲ"

ယူကြုံးမရ ဖြစ်နေသောေ လေသံဖြင့် သူက ပြောသည်။
"ဟဟ ငါဘာတွေပြောနေပါလိမ့် ငါတို့လို လူမျိုးတွေက အိပ်မက်တောင်

မက်ခွင့်မရှိဘူးလေ"

သူကိုယ့်သူ လှောင်ပြောင်သော လေသံဖြင့် ပြောလိုက်သည်။

"ငါကသောက်ချီး လို ဘဝကြီးမှာ နေထိုင်ခဲ့ရတာပဲ နောက်တစ်ခါမွေးဖွား လာရင်တော့ ပိုကောင်းကောင်းလေး ဖြစ်ဖို့မျှော်လင့်တယ်"
အတိတ်က ပြန်ပြောင်းတွေးရင်း သူပြောလိုက်သည်။

ဂတ်စတပ်က သွေးမျိုးဆက်က အရာရာ ဖြစ်နေသော ခေတ်ကြီးတွင် မွေးဖွားလာခဲ့သည်။ သူ့မိဘများကလည်း သဘာဝလွန်စွမ်းရည်တွေကို လုပ်ဆောင်ရန် သူတို့၏ သွေးမျိုးဆက်များအား အသုံးချနိုင်သူများ ဖြစ်သည်။သို့သော် သူတို့၏ သွေးမျိုးဆက်များက အဆင့်နိမ့်များဖြစ်သည်။ ထို့ကြောင့် လူနေမှုအသိုင်းအဝိုင်းထဲတွင်လည်း နေရာသိပ်မရချေ။

ဂတ်စတပ် မွေးဖွားလာတုန်းက သူဟာ အဆင့်မြင့် သွေးမျိုးဆက်ကို နိုးထနိုင်လိမ့်မည်ဟု သူ့မိဘတွေက ယုံကြည်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သွေးနှောအချင်းချင်း ပေါင်းစပ်သောအခါ အမြဲတမ်း ဆင့်ကဲသွေးမျိုးဆက်ကို ထုတ်ပေးနိုင်သောကြောင့် ဖြစ်သည်။ ဆင့်ကဲသွေးမျိုးဆက်များက အဆင့်မြင့်ပြီး စွမ်းအား အလွန်ကြီးကြသည်။

သွေးမျိုးဆက်က တစ်စုံတစ်ယောက်၏ ကံကြမ္မာ နှင့် လူနေမှုအသိုင်းအဝိုင်းကို ဆုံးဖြတ်နိုင်သောကြောင့် ထိုကလေးများအတွက် မျှော်လင့်ချက်ကြီးကြီးထား၍ ရနိုင်သည်။
ကံဆိုးစွာပင် ဂတ်စတပ်က ဆင့်ကဲသွေးမျိုးဆက်ထဲမှာမှ အသုံးမဝင်ဆုံးဖြစ်

သော ဆင့်ကဲသွေးမျိုးဆက်ကို နိုးထခဲ့သည်။ သူသည် သူ့ဆံပင်ကို အရောင်ပြောင်းအောင် ထိန်းချုပ်နိုင်ခြင်းပင် ဖြစ်သည်။

ဂတ်စတပ်၏ မိဘများက မကျေမနပ်ဖြစ်ခဲ့ကြသည်။ ခြောက်နှစ်သာရှိသေးသော ဂတ်စတပ်က သူ့မိဘများသည် သူ့အပေါ် တစ်နေ့တခြား ဆိုးရွားစွာ ဆက်ဆံလာကြောင်း သတိပြုမိခဲ့သည်။ သူမွေးဖွားတည်းက ရခဲ့သော ဂရုစိုက်မှုတွေ မေတ္တာတွေ အကုန် ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်သည်။ တစ်ခါတလေ တနေ့လုံး သူ့ကို ထမင်းကျွေးဖို့ သတိမရကြပါ။ ဆာ၍ သွားပြောလျှင်လည်း "အသုံးမကျတဲ့အမှိုက်ကောင် စားဖို့ပဲ တတ်တာလား" သူ့ကို ဒေါသတကြီး အော်ထုတ်ကြသည်။

အဲ့အရွယ်တုန်းက သူနားလည်ရန်ခက်ခဲသော်လည်း သူ့ပတ်ဝန်းကျင်ကလည်း ထိုနည်းအတိုင်း ဆက်ဆံခဲ့ကြသည်။ သူကျောင်းတွင် သူငယ်ချင်းမရသလို အမြဲလိုလို အနိုင်ကျင့်ခံရသည်။ သူနှင့်သက်တူရွယ်တူတွေက သူ့ကို လက်ညှိုးထိုး ပြီး ရယ်မောခဲ့ကြသည်။
သူ့သွေးမျိုးဆက်က အမှိုက်ဆန်ဆုံး ဖြစ်သောကြောင့် မည်သူကမျှ ဂရုမစိုက်ခဲ့ပါ။

ဂတ်စတပ်၏ သွေးနှောအဖွဲ့အစည်းအား ဝင်ခွင့်ရရန် နှင့် ကြယ်တာရာ၊ နဂါးငွေ့တန်းများကို စူးစမ်းရှာဖွေရန် အိပ်မက်တွေကလည်း သူ့သွေးမျိုးဆက်နိုးထသော နေ့တွင် သေဆုံးသွားသည်။ သူအသက်ရှစ်နှစ်ပြည့်ခါနီးတွင် သူ့အမေက နောက်ထပ်ယောကျ်ားလေး တစ်ယောက်ကို ထပ်မံမွေးဖွားခဲ့သည်။ သူ့ညီလေးက အဆင့်မြင့်သွေးမျိုးဆက်ကို နှစ်နှစ်သားအရွယ်

တွင် နိုးထနိုင်ခဲ့သည်။ သူ့မိဘများက အလွန်ပျော်ရွှင်၍ ဂတ်စတပ်ကို လျစ်လျူရှုကာ သူတို့၏ အာရုံစူးစိုက်မှု ဂရုစိုက်မှုတွေကို သူ့ညီလေးကို ပေး ခဲ့သည်။

သူလည်း သူ့ညီလေးကို ချစ်ပါသည်။ မမုန်းပါ။

သို့သော် အမှန်တွင်တော့ ထိုကဲ့သို့ ဖြစ်မလာခဲ့ပါ။

"ငါ့မှာ ဘာလို့ မင်းလို အမှိုက်အစ်ကို မျိုးရှိနေတာလဲ"

သူ့ညီလေးကလည်း ကြီးလာသည်နှင့် ပတ်ဝန်းကျင်က ဆက်ဆံသလို သူ့ အပေါ် ဆက်ဆံလာသည်။ သူ့ညီက ပတ်ဝန်းကျင်၏ ဝိုင်းဝန်းချီးကျူးခံရချိန် ၊ အထူးသဖြင့် ကျောင်းတွင် ပါရမီရှင်အဖြစ် ကျော်ကြား လာချိန် သူ ကတော့ ဆန့်ကျင်ဘက်ဖြစ်နေခဲ့သည်။

ဂတ်စတပ်ကတော့ အမုန်းခံရလိုက်၊ မမျှမတ အဆက်ဆံခံရလိုက်၊ အနိုင် ကျင့်ခံရလိုက်နှင့် သံသရာလည်နေတော့သည်။ သူအမြဲတမ်း ပလန့်တွန် မြို့တော်၏ မြောက်ဘက်ရှိ တောင်တန်းသို့ သွားပြီး ကိုယ့်ကိုကိုယ် သတ် သေရန်ကြိုးစားလေ့ရှိသည်။

သို့သော် သူသေရမှာ ကြောက်နေဆဲပင်။ သူသေသွားလျှင်တောင် ဘယ်သူ မှ ဂရုမစိုက်မှန်း သိသော်လည်း သတ်မသေဖြစ်ခဲ့ပါ။ ချောက်ကမ်းပါး၏ အောက်ခြေကို သူကြည့်မိချိန်တိုင်း တံတွေးမျိုချမိသည်။ သူအောက်ခြေသို့ ကျသည်နှင့် အရိုးတွေ ကျိုးကြေကာ အပိုင်းပိုင်း အစစ ဖြစ်ချေတော့မည်။

"ငါ့ခေါင်းကလည်း အာလူးလို ကြေမွသွားမှာပဲ"

ထို့ကြောင့် သူအမြဲတမ်း ပြန်သွားပြီး နောက်တစ်နေ့တွင်တော့ ထပ်ပြီး သတ်သေဖို့ စိတ်အားထက်သန်နေလေ့ရှိသည်။ သို့သော် တူညီသော အခြေအနေပြန်ဖြစ်ကာ သတ်မသေဖြစ်တော့ပါ။ သူကြောက်သွားလျှင် ပြန်

ဆုတ်လာလေ့ရှိသည်။

ယနေ့တွင်တော့ သူအမှန်တကယ် ခုန်ချလိုက်မည်ဟု ဆုံးဖြတ်ထားသည်။ သူသည် ချောက်ကမ်းပါးထိပ်၏ စင်တီမီတာအနည်းငယ်သာကွာဝေးသော နေရာတွင် ရပ်လိုက်ပြီး အောက်က တောအုပ်နှင့် မြေပြင်ကို စိုက်ကြည့်လိုက်သည်။ မြေပြင်က ချောက်ကမ်းပါးနှင့် ပေထောင်ချီ ကွာဝေးနေသည်။
"ချပ်.........."
"ဒီနေရာက ဂတ်စတပ် အော့စလပ်ရဲ့ ခရီးအဆုံးသတ်တဲ့ နေရာပဲ"
သူကောင်းကင်ကို မော့ကြည့်ပြီး အော်ပြောလိုက်သည်။ သူ့အသံသည် အနီးနားဝန်းကျင်တွင် ပဲ့တင်သံထပ်ကျန် နေခဲ့ပြီး ဟိုးအဝေးရှိကြယ်လေး တစ်လုံးက သူ့ပြောသည်ကို တုန့်ပြန်နေသလို ပိုမိုတောက်ပလာသည်။
"အာ....."

ဂတ်စတပ် တစ်ခုခုကို သတိပြုမိသွားပြီး ကောင်းကင်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။
တောက်ပလာသော ကြယ်လေးက တဖြည်းဖြည်း အရွယ်အစားကြီးလာသည်။
"အဲ့ကြယ်က ဘာမှားနေတာလဲ....ဘာလို့ ပိုပိုကြီးလာတာလဲ"
သေတော့မည့် တစ်စုံတစ်ယောက်အတွက်တော့ ဂတ်စတပ် က မျက်စိရှင်လွန်းနေခဲ့သည်။
ကောင်းကင်တွင် အသင်္ချေသော ကြယ်များရှိသော်လည်း အနောက်မြောက်ဘက်ရှိ သည့်ကြယ်တစ်လုံးထဲကသာ အရွယ်အစား ပိုပိုကြီးလာနေသည်။ သူတစ်ခုခုကို သဘောပေါက်လိုက်သောကြောင့် ဂတ်စတပ် ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"သောက်ချီး အဲ့တာ အရွယ်အစားကြီးလာတာ မဟုတ်ဘူး ငါ့နေရာကို ဦးတည်ကျလာတာပဲ"
သူသဘောပေါက်ပြီးနောက် ချက်ချင်း လှည့်ပြေးရန် ကြိုးစားလိုက်သည်။
"ငါဒီလိုမျိုးကြီးတော့ မသေချင်ဘူး ငါ့ခန္ဓာကိုယ်က အပိုင်းပိုင်း အစစ ပေါက်ကွဲသွားမှာပဲ"
သူ ကြောက်လန့်အောဟစ်လိုက်ရင်း ချောက်ကမ်းပါးဆီသို့ ဦးတည်လာသော ကျည်ဖူးလို အရာကို စောင်းငဲ့ကြည့်လိုက်သည်။
"ဘမ်းးးး.........."
မှိန်ဖျော့ဖျော့ ကျည်ဖူးက ချောက်ကမ်းပါး၏ ဘေးဖက်ကို ဝင်တိုက်မိသည်။

"ခရပ်.... ခရပ်.... ခရပ်..."
ဝင်ဆောင့်မှုကြောင့် ပေငါးဆယ်ပတ်လည်လုံး အက်ကြောင်းများ ထလာသည်။ ဂတ်စတပ်က သူ့စမှတ်နေရာမှ ခုနစ်ပေသော ရွှေ့လျားရသေးသည်။ ထို့ကြောင့် စတင်ပြိုကျပျက်စီးနေသော ဧရိယာမှ မလွတ်နိုင်ခဲ့ပါ။
"ကျားး"
ဂတ်စတပ်က အသတ်ခံရမည့် ဝက်တစ်ကောင်လို ကြိုးအော်ရင်း ချောက်ကမ်းပါး၏ ပြိုကျပျက်စီးနေသော အပိုင်းများနှင့် တောင်အောက်သလို့ ပြုတ်ကျသွားခဲ့သည်။
ဂတ်စတပ် သည် ကြောက်လန့်မှုကြောင့်လလေထဲတွင် မူးဝေဝေဖြစ်နေပြီး ပြုတ်ကျမှုနှင့် မွေးခန်းထဲက မီးနေသည်လို ညှစ်အော်မှုကြောင့် ရှော့ဖြစ်ကာ မေ့သွားခဲ့သည်။ ထို့ကြောင့် သူသည် ကျယ်လောင်စွာအော်နေသော သူ့ပါးစပ်မှ ကြက်သွေးရောင် မှိန်ဖျော့ဖျော့ အလင်းလေး တိုးဝင် သွားသည်ကို သတိမပြုမိလိုက်ပါ။

***